# ACC Against COVID-19




အစီအစဉ် (၁၂)

COVID-19 နှင့် ဥပဒေလိုက်နာရေး

တင်ပြသူ

ဦးဟန်ညွန့်(ဥပဒေ)

## COVID-19

ကူးစက်ရောဂါဖြစ်ပွားနေချိန်ကာလ
အတွင်း မြန်မာနိုင်ငံတိုင်းရင်းသား
အချင်းချင်း စည်းလုံးညီညွတ်သည်
နှင့်အမျှ ရောဂါအန္တရာယ်ဘေးမှ
ကင်းဝေးကြမည်လည်းဖြစ်ပါသည်။
ကမ္ဘာ တစ်ဝန်းရှိ နိုင်ငံပေါင်း ၁၆၄
နိုင်ငံသည် ရောဂါကပ်ဆိုးကြီးကို
ရင်ဆိုင်ကျော်လွှားလျက်ရှိသည်။



U Han Nyunt

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ၏ အဆိုအရ တစ်ကမ္ဘာလုံးတွင် ဆေးဝါးများနှင့် ဆေးပစ္စည်းကိရိယာများဝယ်ယူရေး အတွက် သုံးစွဲငွေများအားလုံး၏ ၁၀ မှ ၂၅ ရာခိုင်နှုန်းသည် အဂတိလိုက်စားမှုကြောင့် ဆုံးရှုံးရကြောင်းသိရှိရပါသည်။

ကမ္ဘာ့ကပ်ရောဂါဆိုက်ကပ်နေချိန်တွင်
ကျန်းမာရေးဆိုင်ရာ
အကူအညီများပေးရမည့်အစား
ဝိသမလောဘကြောင့်
မိမိကိုယ်ကျိုးတစ်ခုတည်းကြည့်၍
စီးပွားရှာခြင်းမျိုးကို ဥပဒေအကြောင်းအရ
ကာကွယ်တိုက်ဖျက်ကြရမည်ဖြစ်လေသည်။



ကိုယ်ကျိုးရှာမှုတွင် အဂတိလိုက်စားမှုက ကပ်ပါလာစမြဲ ဖြစ်သည်နှင့်အညီ ဥပဒေအမိန့်၊ ညွှန်ကြားချက်များအရ အရေးယူဆောင်ရွက်ကြရပေသည်-

(က) ထုတ်ပြန်ထားသောညွှန်ကြားချက်များ တိတိကျကျလိုက်နာပါ -

❖ ဥပဒေများလိုက်နာရန် အသိပညာပေး ကြေညာချက်ကို ထုတ်ပြန်ထားပြီး ဖြစ်သည်။

❖ ပထမအချက်အနေဖြင့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာရေး ဖြစ်သည်။ ဥပမာ- အိမ်ထဲမှာနေခြင်း ဖြစ် သည်။

( ၁ ) အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်း မပြုလုပ်ပါနှင့်-

- ❖ ကောင်းကျိုးမပေးသည့်အပြင် ဆိုးကျိုးဖြစ် စေမည့် အများပြည်သူအထိတ်တလန့်ဖြစ်စေသော မဟုတ်မမှန် သတင်းများလွှင့်တတ်ကြသည်။ ပြည်သူအများကိုလည်းထိခိုက်သည်။ မလိုက်နာလျှင် ဥပဒေအရ အရေးယူရမည် ဖြစ်ပေသည်။

(ဂ) ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားခြင်း မပြုသင့်-

❖ အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်ထားပြီး ဖြစ်သည့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာ ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများ၊ ဆေးဝါးများ နှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်း မြှင့်တင်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြရန် နှိုးဆော်တိုက်တွန်း ထားပေသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြဌာန်းဥပဒေနှင့်အညီ တားမြစ်ပိတ်ပင်မှုများ ပြုရပါသည်-

(က) အဓိကကူးစက်မြန်ရောဂါဖြစ်ပွားနေသူအား နေအိမ်မှ ထွက်ခွာသွားလာခွင့်၊

(ခ) အဓိကကူးစက်မြန်ရောဂါဖြစ်ပွားရာ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းရှိသူများကို ပြင်ပသို့ထွက်ခွာသွားလာခွင့်၊

(ဂ) ပြင်ပလူများအား အဓိကကူးစက်မြန်ရောဂါဖြစ်ပွားရာ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းသို့ ဝင်ရောက်ခွင့်၊

ဥပဒေပုဒ်မ၊ တားမြစ်ပိတ်ပင်မှု၊
ဥပဒေပြဋ္ဌာန်းချက်များအကြောင်းကို
အများနားလည် သဘောပေါက်ကြရန် သိပြီးသား၊
နားလည်ပြီးသားတွေကို ထပ်တလဲလဲရေးပြ၊
ပြောပြနေရခြင်းမှာ ဥပဒေဖောက်ဖျက်မှုဖြင့်
အရေးယူမခံရစေရေး၊ ဥပဒေဗဟုသုတ
အတွေးအခေါ် အသိအမြင်ကြွယ်ဝရေးအတွက်
စာရေးသူ၏စေတနာဖြစ်ပါသည်။



သတင်းစာ၊ ဂျာနယ်၊ မီဒီယာများတွင် ဥပဒေချိုးဖောက်သဖြင့် အချို့အရေးယူခံရကြောင်း၊ ပြစ်ဒဏ်ကျခံရကြောင်း ကြားသိရသည်။ ပညာပေးသော်လည်းလက်မခံ ငြင်းဆန်ကြသည်၊ အမှန်ကိုမမြင်၊ ဥပဒေကိုမမြင်၊ နည်းဥပဒေကိုမသိ၊ သို့ဖြစ်၍ အရေးယူခံရ၍ ပြစ်ဒဏ်ကျခံရသည်။ "ဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်မိပါသည်"ဟု ထုချေခြင်းကိုခွင့်မလွှတ်ပါ။ ထို့ကြောင့် ဥပဒေကို သိအောင် နားလည်အောင် ဖြန့်ဖြူးသူကဖြန့်ဖြူး၊ လိုက်နာသူကလိုက်နာ ဆောင်ရွက်ရမည်သာပါ။

COVID-19 ကာလတွင် အများပြည်သူအကျိုး၊ စေတနာဝန်ထမ်း၊ လုပ်အားပေး
စီမံချက်များ၊ လုပ်ငန်းများ၊ ဖြစ်စဉ်များ လွန်စွာများပြားလှပါသည်။
ဥပဒေပညာရှင်များ၏ အခန်းကဏ္ဍပါဝင် သင့်ပါသည်။
မိမိတို့တတ်သည့်ပညာဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီပြီး
တည်ဆဲဥပဒေများ အကြောင်း ဟောပြောခြင်း၊ ဆွေးနွေးခြင်း၊
အသိညာပေးဖလှယ်ခြင်းများ ဆောင်ရွက်သင့်ပါသည်။







COVID-19 ကာလတွင်
လေ့လာသင့်သောဥပဒေစာအုပ်များမှာ
ကူးစက်မြန်ရောဂါ ကာကွယ် နှိမ်နင်းရေးဥပဒေ၊
ရာဇသတ်ကြီး၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့်
အလုပ်ပိတ်ရက်ဥပဒေ၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ
နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး
ဥပဒေစာအုပ်များဖြစ်ပါသည်။